Government of Western Australia
Department of Health

Burmese

# လက်လီဆိုင်အားလုံးအတွက် ဆေးရွက်ကြီး၊ ဆေးလိပ်နှင့်ဆိုင်ရာပစ္စည်းများ ခင်းကျင်းပြသမှုအတွက် ဥပဒေအသစ်များ

၂၀၁၂ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့မှစတင် အာဏာတည်သည်။

## လက်လီရောင်းချသောဆိုင်များတွင် ဆေးရွက်ကြီး၊ ယင်းမှထုတ်လုပ်သော ပစ္စည်းများနှင့် ယင်းတို့ကို ရှူရှိုက်သောကိရိယာများအား ခင်းကျင်းပြသမှုကို တားမြစ်ခြင်း

၂၀၁၀ ခုနှစ် စက်တင်ဘာလ ၂၂ ရက်နေ့မှစပြီး သြစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ်အတွင်းမှ လက်လီဆိုင်များတွင် ဆေးရွက်ကြီး၊ ယင်းမှထုတ်လုပ်သောပစ္စည်းများနှင့် ယင်းတို့ကိုရှူရှိုက်သည့်ကိရိယာများအား ခင်းကျင်းပြသမှုကို တားမြစ်မည်ပါသည်။

## ခင်းကျင်းပြသမှုကို တားမြစ်ခြင်းဆိုတာဘာလဲ?

ဆေးလိပ် လက်လီရောင်းချသောသူများသည် ဆေးရွက်ကြီးမှထုတ်လုပ်သောပစ္စည်းများ၊ ဘူးခွံတစ်ခုခြင်းနှင့် ကာတွန်းလိုက်အပြင် ရှူရှိုက်သည့် ကိရိယာများကိုပါ ရောင်းချရာနေရာ၏အတွင်း သို့မဟုတ် အပြင်မှ မမြင်ရစေရန် ပြုလုပ်ထားဖို့ လိုအပ်မည်ဖြစ်သည်။

## အမှတ်မထင် ဆက်စပ်တွေ့မြင်ခြင်း

ခင်းကျင်းပြသမှုကိုတားမြစ်ခြင်းသည် အပေးအယူလုပ်နေစဉ်ဖြစ်စေ၊ ရောင်းချနေစဉ်ဖြစ်စေ၊ ဈေးဝယ်သူ၏တိုက်ရိုက် မေတ္တာရပ်ခံချက်အရ ဆေးရွက်ကြီးမှထုတ်လုပ်သောပစ္စည်းများ၊ ဘူးခွံတစ်ခုခြင်းနှင့် ကာတွန်းလိုက်အပြင် ရှူရှိုက်သည့် ကိရိယာများကိုပြသခြင်းနှင့် မသက်ဆိုင်ပါ။

လက်လီရောင်းချသူများသည် အခါအားလျော်စွာ မိမိတို့ရောင်းချရန် ဆေးရွက်ကြီးမှထုတ်လုပ်သောပစ္စည်းများကို ပြန်လည်ဖြည့်တင်းရသည့်အခါ တခါတရံတွင် မလွဲမရှောင်သာဘဲ အများပြည်သူက ဤကဲ့သို့သောအခြေအနေတွင် ဆေးရွက်ကြီးမှထုတ်လုပ်သောပစ္စည်းများ၊ ဘူးခွံတစ်ခုခြင်းနှင့် ကာတွန်းလိုက်အပြင် ရှူရှိုက်သည့် ကိရိယာများကို မြင်တွေ့ခြင်းလည်း ရှိနိုင်ပါသည်။

တရားဥပဒေနှင့်အညီ၊ တာဝန်သိသိဖြင့် ဆောင်ရွက်သည့် (ဥပမာ၊ ပစ္စည်းများကို ပြန်လည်ဖြည့်တင်းခြင်း သို့မဟုတ် မလွဲမရှောင်သာဘဲ အများမြင်ကွင်းတွင် လက်ကျန်ပစ္စည်းစာရင်းကောက်ခြင်း ကဲ့သို့သော) ပုံမှန်လုပ်နေကျ လုပ်ငန်းများအား ခွင့်ပြုရန်မှာ ကျန်းမာရေးဌာန၏ မူဝါဒ ဖြစ်ပါသည်။ သို့သော်လက်လီရောင်းချသူများက ပစ္စည်းများပြန်လည်ဖြည့်တင်းခြင်း ပြီးဆုံးသည့်အခါ တံခါးများသို့မဟုတ် သိုလှောင်ရာနေရာ၏ အဖုံးများကို အမှတ်တမဲ့ ဖွင့်ထားမိခြင်းမဖြစ်စေရန် သတိထားကြရမည်ဖြစ်သည်။ ထိုသို့မဟုတ်ပါက ကြပ်မတ်ဆောင်ရွက်ခြင်းကို ကြုံရနိုင်သည်။

## ကုန်ဈေးနှုန်းစာရင်းနှင့် ကုန်ဈေးနှုန်းကြေငြာရာသင်ပုန်း

လက်ရှိအခြေအနေတွင် ဆေးရွက်ကြီးမှထုတ်လုပ်သောပစ္စည်းများ ရရန်နေရာနှင့် ဈေးနှုန်းကို ကုန်ဈေးနှုန်းစာရင်းနှင့် ကုန်ဈေးနှုန်းကြေငြာရာ သင်ပုန်းတွင် ဆက်လက်ဖော်ပြထားနိုင်မည်ဖြစ်သည်။

## ပညာပေး လှုပ်ရှားမှု

သက်ဆိုင်ရာစက်မှုလုပ်ငန်းမှ စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေးတိုင်ပင်ခြင်း ပြုလုပ်မည့်အပြင် ပညာပေးလှုပ်ရှားမှုကိုလည်း ဆောင်ရွက်မည် ဖြစ်ပါသည်။ ၎င်းအစီအစဉ်တွင် ပညာပေးခြင်းအပြင် မီဒီယာမှ ထုတ်လွှင့်ချက်များ၊ ရေဒီယိုနှင့် သတင်းစာမှ ကြော်ငြာများ၊ စာတိုက်မှ တိုက်ရိုက် သို့မဟုတ် အင်တာနက်မှတဆင့် ဖြန့်ချိခြင်းကဲ့သို့သော သိကောင်းစရာ အချက်အလက်များ ဖြန့်ဝေခြင်းလည်း ပါဝင်မည်ဖြစ်ပါသည်။

## ခင်းကျင်းပြသမှုကို တားမြစ်ခြင်းတွင် ဘယ်လို ရှုရှိုက်သော ပစ္စည်းကိရိယာတွေ ပါဝင်ပါသလဲ?

ခင်းကျင်းပြသမှုကို တားမြစ်ခြင်းမှာ ဘယ်လို ရှုရှိုက်သော ပစ္စည်းကိရိယာများမှာ -

- စီးကရက်လိပ်သော စက္ကူများ
- ဆေးတံများ
- စီးကရက်အစွပ်များ
- စီးကရက်လိပ်သော ကိရိယာများ
- ဆေးရွက်ကြီးမှထုတ်လုပ်သောပစ္စည်းများကို ရှုရှိုက်ရန် အသုံးပြုသည့် တမာကူနှင့် ရေပိုက်များ
- ဆေးရွက်ကြီးမှထုတ်လုပ်သောပစ္စည်းများကို ရှုရှိုက်ရန် အသုံးပြုသည့် အခြားသောပစ္စည်းကိရိယာများ

သစ်သားမီးခြစ်များနှင့် စီးကရက်မီးခြစ်များမှာမူ ခင်းကျင်းပြသမှုကိုတားမြစ်ခြင်းတွင် အကျုံးမဝင်သဖြင့် ဆက်လက်ပြီး ခင်းကျင်းပြသနိုင်သည်။

## ဤတားမြစ်ချက် ဥပဒေကို လိုက်နာရန် မည်ကဲ့သို့ ကြပ်မတ်ဆောင်ရွက်မည်လဲ?

သြစတြေးလျားနိုင်ငံ အနောက်ပိုင်းပြည်နယ် ကျန်းမာရေးဌာနသည် အထူးသဖြင့် ဥပဒေအသစ်များနှင့်ပတ်သက်ပြီး ပုံမှန်လိုက်နာခြင်းရှိ၊မရှိကို စောင့်ကြပ်စစ်ဆေးခြင်းနှင့် လိုက်လံစစ်ဆေးခြင်းဖြင့် အလေးထား၊ အာရုံစိုက်ဆောင်ရွက်လျက်ရှိပါသည်။ အများပြည်သူ၏ တိုင်တန်းချက်များ၊ မကျေနပ်မှုဖွင့်ဟချက်များကြောင့်လည်း လိုက်လံစစ်ဆေးခြင်းများ ပြုလုပ်ပါသည်။

ကျန်းမာရေးဌာနသည် အကြံဉာဏ်ပေးခြင်း၊ ပညာပေးအသိပေးခြင်း၊ တရားဝင် သတိပေးခြင်းနှင့် တရားစွဲဆိုခြင်းတို့အပါအဝင် လိုက်နာဆောင်ရွက်ခြင်းကို တိုက်တွန်းအားပေးကာ ပိုပြီးတိုးတက်စေရန်အတွက် နည်းလမ်းမျိုးစုံကို အသုံးပြုပါသည်။

**ဆက်သွယ်ရန် -**


Tobacco Control Branch
Grace Vaughan House
227 Stubbs Terrace
SHENTON PARK WA 6008

တယ်လီဖုန်း - 1300 784 892
ဖက်စ် - (08) 9382 0770

စာပို့ရန် လိပ်စာ -

Department of Health
PO Box 1335
WEST LEEDERVILLE WA 6901

အင်တာနက် - www.health.wa.gov.au/tobaccocont


**disclaimer:**

The information contained in this factsheet has been produced as a guide only.
To view the full details in the relevant Tobacco Control legislation, visit www.health.wa.gov.au/tobaccocontrol

HP 11901 OCT'10